## Highlights from DVB Debate's education eliminate child labor show

May 26th, 2018

# ပညာရေးက ကလေးအလုပ်သမားအရေးကို ဖြေရှင်းနိုင်မလား?

"အလယ်တန်းပညာထိ မသင်မနေရ စနစ်ကျင့်သုံးနိုင်မှာသာ ကလေးအလုပ်သမားပြဿနာကို ဖြေရှင်းနိုင်လိမ့်မယ်။ သို့သော် မူလတန်းထိသာ မသင်မနေရစနစ်ပြဋ္ဌာန်းထားတဲ့ ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးကို လုပ်ရလိမ့်မယ်။ ကလေးအလုပ်သမားကိစ္စမှာ ရှိပြီးသားဥပဒေတွေ အကာကွယ်မရတဲ့ပြဿနာ ကလည်း ရှိသေးတယ်။"

**ကိုနန္ဒစစ်အောင် (Director ၊ We Generation Network)**

---

"မိဘက အင်မတန်ဆင်းရဲလို့ ကလေးတွေကျောင်းမသွားရတာ။ အခမဲ့ပညာရေးစနစ်ဆိုရင် ဂတ်တာ၊စာအုပ်စာတမ်း၊ အဲဒီမှာ ကျွေးမွေးရေးတွေလုပ်ရမယ်။ ဒါတွေလုပ်ဖို့ဆိုရင် အလှူရှင်တွေရှာရမယ်။ ဒါမှ ကလေးတွေ ကျောင်းထဲ ရောက်မယ်။ ကလေးတွေကျောင်းထဲရောက်မှ ကလေးအလုပ်သမားရေးဖြေရှင်းနိုင်မယ်။"

**ဒေါက်တာမြင့်ကြည်(အငြိမ်းစားပါမောက္ခ ရန်ကုန်တက္ကသိုလ်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်)**

---

"မသင်မနေရပညာရေးစနစ်မှာ ကလေးတွေကိုကျောင်းမလွှတ်ရင် မိဘတွေကို အရေးယူတာမျိုး ကျမသဘောမတူဘူး။ အဲဒါက နိုင်ငံတော်တာဝန်ဖြစ်သွားပြီ။ သားသမီးအတွက်တာဝန်က မိဘမှာရှိတယ်။ မိဘက မတတ်နိုင်တဲ့အခါ နိုင်ငံတော်က ကျမတို့မိဘပဲ။"

**ဒေါ်ခင်ငြိမ်းချမ်းဝင်း (Head of Program, Save the Children)**

---

“လမ်းဘေးမှာ သူများအိမ်တွေမှာ တစ်နေ့ကို ၁၀ နာရီ ၁၂ နာရီလုပ်နေရတယ်။ စနေတနင်္ဂနွေရော ခုနစ်ရက်လုံးလုံးလုပ်နေရတဲ့အချိန်မှာ ဒီကလေးတွေအသက်ကြီးလာတဲ့အခါ တိုင်းပြည်အတွက် သူ့မိသားစု အတွက် ဘယ်ကဏ္ဍကနေပါဝင်မှာလဲ။ တိုင်းပြည်အုပ်ချုပ်တဲ့သူတွေက ဒါတွေကိုစဉ်းစားရမယ်။ အခုအချိန် ကျနော့်ကိုလာမေးရင် နိုင်ငံတော်ရဲ့ အနာဂတ်ကဘယ်မှာလဲမေးရင် လမ်းဘေးထိုးပြရလိမ့်မယ်။”

**ဦးတင်မောင်မောင်အေး(အုပ်ချုပ်မှုဒါရိုက်တာ၊ ထူထောင်သူ myME)**

---

“ကလေးတွေနဲ့ ဆရာတွေ ကျောင်းထဲရောက်ရင် တကယ်ရောလွတ်လပ်ပျော်ရွှင်ကြရဲ့လား။ ကလေးတွေနဲ့ ဆရာတွေရဲ့ အပျော်ရွှင်ဆုံးအချိန်ကိုမေးကြည့်တဲ့အခါ ကျောင်းပိတ်တဲ့အချိန်လို့ ဖြေကြတယ်။ ဒါဆို ကျောင်းက ပျော်ရွှင်မှုမပေးဘူးဆိုတာပြနေတယ်။ ဒီကျောင်းတွေက ကလေးလုပ်သားလျော့ချပေးနိုင်တဲ့ နေရာဖြစ်နေတယ်ဆိုတာကိုတော့ သတိပြုစေချင်တယ်။”

**အထူးဧည့်သည် ၊ ဦးမောင်ဇော် (သပြေကလေးသူငယ်ပညာရေးနှင့် ကျန်းမာရေး ထောက်ပံ့မှုအဖွဲ့ )**

---

“ဆင်းရဲတဲ့မိဘတွေက ကလေးတွေကို တောင်းစားခိုင်းနေတာကိုတွေ့ရတယ်။ ဒါဟာကလေးတွေရဲ့ စိတ်ဓါတ်ကို ရိုက်ချိုးပစ်လိုက်တာပါပဲ။ ကျောင်းလည်းမထားကြဘူး။ တောင်းစားတဲ့ကလေးတွေ ပပျောက်စေချင်တယ်။ “

**ပရိသတ် ။ နေခြည်လင်း (အိုးဝေစာကြည့်တိုက်နှင့် ပညာဒါနကျောင်း)**

---

“ကလေးသူငယ်ဥပဒေကို နိုင်ငံတကာသတ်မှတ်ထားတဲ့ အသက်၁၈ နှစ်ဖြစ်စေချင်ပါတယ်။ ဒါမှသာ ကလေး အခွင့်အရေးတွေ အသက်ဝင်မယ်။ လုပ်ဆောင်မှုတွေမှာ အားကောင်းလာလိမ့်မယ်။ ကလေးတွေရဲ့ အင်အားတွေကို မြှင့်တင်နိုင်ပါလိမ့်မယ်။ “

**ပရိသတ် ။ ချယ်ရီသိန်း (ပန်းတိုင်ရှင်၊ လူထုအခြေပြုအဖွဲ့ )**